ဘာသာပြန် စာရေးဆရာ – Jas Astra

Erata Team

# ပျင်းနေပြန်တဲ့ ကိုယ့်ဆရာ

(ရှန်းရင်)

(Chapter 601-615)

စာစဉ် – ၄၁

## အခန်း ၆၀၁
## စောင့်ကြည့်ခြင်းအဖြစ် လူသိများသောအရာ

*

"အစ်မကြီးကျင်း ခင်ဗျားတို့လို မော်နီတာတွေ အများကြီးရှိတာလား" ကူယွဲ့မနေနိုင်တော့ဘဲ မေးလိုက်တယ်။

"အဲဒါ ဘယ်လိုလုပ်ဖြစ်နိုင်ပါ့မလဲ" ရှန်းကျင်းက သူ့ကို လှမ်းကြည့်တယ်။ "အခုထိ ငါကိုယ်တိုင်ကလွဲပြီး မီလဲ့က ငါတွေ့ဖူးတဲ့ တစ်ဦးတည်းသော မော်နီတာပဲ"

ခဏ ရှန်းကျင်းကတော့ ထားပါတော့။

"မီလဲ့က တကယ်ပဲ မော်နီတာလား" သူ့ရဲ့ ပျော့ဖပ်ဖပ် အမူအရာနဲ့ ရှန်းရင်ရဲ့စောနက ထုထောင်းတာခံရချိန် လုံးဝ အစွမ်းမရှိတာပါ ပေါင်းလိုက်ရင် အဓိပ္ပာယ်မရှိ။ ပြီးတော့ သူ့ကိုယ်ပေါ်က အရှိန်အဝါက သာမန်လက်ထောက်တစ်ယောက်ထက်တောင် ပိုပြီးနည်းသေးတယ်။

"အရူးတွေ နင်တို့ မီလဲ့က အရမ်းအားနည်းတယ်လို့များ တကယ်ပဲထင်နေတာလား" ရှန်းကျင်းက သူတို့ကိုတစ်ချက်ဝေ့ကြည့်ကာ ရှင်းပြတယ်။ "မော်နီတာတွေမှာ သူတို့ရဲ့ အားသန်တဲ့ စွမ်းရည်တွေ မျိုးစုံရှိကြတယ်၊ မီလဲ့က တစ်ကိုယ်ရေတိုက်ခိုက်ရေးမှာ မတော်ပေမဲ့ မျက်နှာပြင်တိုင်းအပေါ် သူ့ရဲ့သက်ဆိုင်မှုက တခြားဘယ်သူ့မဆိုထက် အားကောင်းတယ်"

သူမက လက်ဖက်ရည် ငုံ့သောက်ပြီးမှ ဆက်မေးတယ်။ "သူက

မျက်နှာပြင်ခွင့်ပြုချက် ဒါမှမဟုတ် ဖိတ်ကြားချက်မပါဘဲ နင်တို့မျက်နှာပြင်ဆီ အလွယ်လေး လာလို့ရတာ ဘာကြောင့်ထင်လဲ" သူမက သူတို့ကို ‌ဝေ့ကြည့်တယ်။

"အဲဒါက နင့်မျက်နှာပြင်က ဟိုးအစတည်းက မော်နီတာတွေရဲ့ တည်ရှိမှုကို အသိအမှတ်ပြုခဲ့လို့ပဲ၊ တကယ်လို့ နင်တို့က စီမံထိန်းသိမ်းသူတွေဆိုရင်တောင် မျက်နှာပြင်ရဲ့ဘောင်အတွင်း ရှိနေသရွေ့ တကယ်လို့ နင်တို့သာ တိုက်ခိုက်ကြရင် သူ့ကိုလုံးဝထိနိုင်မှာမဟုတ်ဘူး"

ဒါကြောင့် သူမက တကူးတက မီလဲ့ကို ပျက်စီးခြင်းနယ်ပယ်ထဲ ခေါ်သွားပြီး ထုထောင်းခဲ့တာလား။ သူတို့က သူမ ကောင်းကင်ဘုံကို ဖျက်ဆီးမိမှာ စိုးရိမ်နေတာကြောင့်လို့ထင်ခဲ့တာ၊ တကယ်တော့ သူ့ကို ပိုပြီးနာနာထု ထောင်းလို့ရတာ သေချာအောင်လို့ပေါ့။

"မဟုတ်ဘူး" ဖြစ်ရပ်တစ်ခုက ရုတ်တရက် ကူယွဲ့ စိတ်ထဲပေါ်လာတယ်။ "ရှန်းရင်ကျတော့ရော" သူမက စောနက သူ့ကိုထုထောင်းရင်း ပျော်ရွှင်နေတဲ့အချိန် ရခဲ့တယ်မဟုတ်လား။ စီမံထိန်းသိမ်းသူတွေရဲ့ စွမ်းအားက မျက်နှာပြင်ကိုယ်တိုင်က လာတာဖြစ်လို့ သူတို့တွေက မျက်နှာပြင် အသိအမှတ်ပြုတဲ့ မော်နီတာတွေကို နာကျင်အောင် မလုပ်နိုင်တာပေါ့။ ဒါဆို ရှန်းရင် စောနကတင် ဘယ်လိုလုပ်နိုင်ခဲ့တာလဲ။

ရှန်းကျင်းရဲ့ မျက်လုံးတွေက မှိန်သွားကာ ရှန်းရင်ဆီ လှမ်းကြည့်တယ်။ "ရင်လေး နင်က… ပိုထူးခြားတယ်" သူမက မျက်မှောင်ကြုတ်ကာ ခက်ခဲတဲ့ ပြဿနာတစ်ခုက စိတ်ထဲပေါ်လာတယ်။

"နင် ဒီမျက်နှာပြင်ဆီ လာပြီးနောက်ပိုင်းမှာ နင့်ကိုယ်က ပြောင်းလဲမှုတချို့ကြုံတွေ့ခဲ့ရတာမို့ နင်က စီမံထိန်းသိမ်းသူတစ်ယောက်ထက်ပိုတဲ့ စွမ်းရည်ကို ပိုင်ဆိုင်ထားတယ်"

"ဒါဆို ငါလည်း မော်နီတာလား" ရှန်းရင်က တစ်ဖက်ကို ခေါင်းစောင်းသွားတယ်။

"ငါလည်း အရင်က အဲလိုထင်ခဲ့တာ..." ရှန်းကျင်းက မျက်မှောင်ကြုတ်ကာ တစ်ခုခုကို တွေးမိသွားသလိုမျိုး ဆက်မေးခွန်းထုတ်တယ်။

"ဒီအကြောင်း ခု မပြောကြရအောင်၊ နင်တို့အားလုံး အရင်ရှင်းကြ၊ ဒီတစ်ကြိမ် ဘာတွေ အတိအကျဖြစ်ခဲ့တာလဲ၊ ဘာလို့ မီလဲ့က နင်တို့ကို အရည်အချင်းစစ် စာမေးပွဲဆီ ရုတ်တရက် ပို့ချင်ခဲ့ရတာလဲ၊ နင်တို့တွေ မော်နီတာတွေတည်ရှိမှုကို ဘယ်ကနေသိခဲ့ရတာတုံး"

သုံးယောက်လုံး ခဏတာ တောင့်တင်းသွားကာ အချင်းချင်းကြည့်ပြီးတော့ ကောင်းကင်၊ မြေပြင်နဲ့ ပတ်ဝန်းကျင်ကို ရှုစားကြတော့တယ်။

"မတ်မတ်ထိုင်ပြီး ငါ့အမှန်တိုင်းပြော" ရှန်းကျင်းအသံက အေးစက်သွားတယ်။

သုံးယောက်လုံး တုန်ယင်ကုန်ပြီး မတ်မတ်တောင့်တောင့်ထိုင်ကြတယ်။ သူတို့ဘေးက ကလေးတောင် အလိုလို ကျောမတ်လိုက်မိတယ်။ နောက်တော့ လူတိုင်း အလယ်မှာ မတ်မတ်ထိုင်နေတဲ့ ပြောရေးဆိုခွင့်ရှိသူ ဖေဖေနျိုကို ကြည့်လိုက်ကြတယ်။

-ီး ဘာလို့ ငါပဲလဲ

ကူယွဲ့ နှုတ်ခမ်းထောင့်တွေ တွန့်သွားကာ အသက်ပြင်းပြင်းရှူပြီး ကျည်ဆန်ကိုက်ကာ ပြောရတော့တယ်။ သူက မဟာတာအိုအဖွဲ့အစည်းနဲ့ ကြုံတွေ့ခဲ့ရမှုကို အသေးစိတ်ရှင်းပြလိုက်တယ်။ ရှန်းရင်ကက သူတို့ဆီ မျက်နှာပြင်လွှဲပြောင်းပြီးပြီဆိုတဲ့အချက်ကိုသာ ဖုံးကွယ်ထားပြီးတော့ပေါ့။ ဘာပဲဖြစ်ဖြစ်ပါ သူတို့တွေ တတ်နိုင်သရွေ့ ဖုံးထားရမယ် ဘယ်လိုပဲဖြစ်ဖြစ်

ထုထောင်းခံရမှာဆိုတော့ စောစောထက် နောက်ကျမှခံရတာ အမြဲပို ကောင်းပါတယ်။

"မဟာတာအိုအဖွဲ့အစည်းလား" ရှန်းရင်က မျက်မှောင်ကြုတ်တယ်။ "သူ တို့မဟာမိတ်တွေအားလုံးက အမတဝိညာဉ်မျက်နှာပြင်တွေကနေ လာကြ တာလား"

"ဟုတ်" ကူယွဲ့သချာတွေးပြီးမှ ခေါင်းညိတ်လိုက်တယ်။ "အဲလူတွေရဲ့ မျက်နှာပြင်တွေက ကျွန်တော်တို့ အမတဝိညာဉ်မျက်နှာပြင်လိုပါပဲ" အဲဒါ ကြောင့် သူတို့ အဖွဲ့အစည်းထဲဝင်မပါတဲ့ စီမံထိန်းသိမ်းသူတွေနဲ့ မျက်နှာပြင် တွေအပေါ် မသမာစွာပြုမူရဲခဲ့တာပဲ၊ စွမ်းအင်က ဆင်တာမို့ စုပ်ယူဖို့က ပို လွယ်ကူခဲ့တယ်လေ"

"တကယ်ပဲ ဒီလိုအဖွဲ့အစည်း ရှိတာပေါ့"

ရှန်းကျင်းရဲ့ မျက်မှောင်ကြုတ်မှုက ပိုပြီးနက်ရှိုင်းလာတယ်။ သူမမှာ စီမံ စရာ မျက်နှာပြင်ရှိသေးတာမို့ သတိမထားမိဘူးဆိုတာ အရမ်းကို သဘာဝကျပေမဲ့ မီလဲ့ကပါဘာလို့ လွတ်သွားခဲ့ရတာလဲ။ ဒါ… ရင်လေး ကြောင့်များလား။

တစ်ခုခုကို တွေးမိတော့ သူမက ရှန်းရင်ဘက် လှည့်ကြည့်တယ်။ "မီလဲ့က နင့်ကို ဟင်းလင်းပြင်မြေထဲ ဝင်ခိုင်းခဲ့တာ မဆန်းတော့ဘူး"

"…" ဘာသဘောလဲ။ သုံးယောက်လုံး ကြောင်အမ်းသွားတယ်။

"ပုံမှန်အခြေအနေတွေမှာ မော်နီတာတွေက တစ်ယောက်ကိုတစ်ယောက် တွေ့ခွင့်မရဘူး" သူမက သက်ပြင်းချရင်း မျက်မှောင်ကြုတ်နေတယ်။

"ငါတို့အာရုံခံနိုင်တဲ့ မျက်နှာပြင်တွေက အကန့်အသတ် ရှိတယ်၊ တကယ်လို့ နေရာတစ်ခုမှာ မော်နီတာရှိပြီးသားဆိုရင် တခြားလူက

စစ်ဆေးမှုစာမေးပွဲထဲ ပါဝင်ချင်ရင်တောင် ငါတို့က အဲနေရာကို အလိုလို လျစ်လျူရှုလိုက်ကြတယ်၊ ပြောရရင် ဒေသတစ်ခုမှာ မော်နီတာ၂ယောက် ပေါ်လာဖို့က မဖြစ်နိုင်ဘူး"

"ဆိုလိုတာ..." ကူယွဲ့က ခဏတန့်သွားပြီး ချက်ချင်း တစ်စုံတစ်ခုကို နားလည်သွားတယ်။

"မဟာတာအိုအဖွဲ့အစည်းထဲက အဲမျက်နှာပြင်တွေမှာ အရင်တည်းက မော်နီတာတစ်ယောက် ရှိခဲ့တာဖြစ်နိုင်တယ်ပေါ့၊ အဲကြောင့် အစ်မကြီးနဲ့ မီလဲ့က လုံးဝ သူတို့ကို မသိခဲ့တာပေါ့"

"အင်း" ရှန်းကျင်းက ခေါင်းညိတ်တယ်။

"ဒါပေမဲ့ အဲတုန်းက ဘယ်သူမှမရှိခဲ့ဘူးလေ" သူတို့ စီမံထိန်းသိမ်းသူတွေ အများကြီးတွေ့ခဲ့ပေမဲ့ ဘယ်သူကမှ ရှန်းကျင်းလောက် ကြောက်ခမန်းလိလိ မသန်မာဘူး။

ရှန်းကျင်းက စကားမပြောဘဲ ရှန်းရင်ကိုသာ လှည့်ကြည့်တယ်။

"ရှန်းရင်လား" ကူယွဲ့ တုံ့ဆိုင်းသွားတယ်။ "မီလဲ့လည်း ရှန်းရင်က မော်နီတာလို့ တွေးခဲ့တာလား"

"အင်း" သူမက ခေါင်းညိတ်တယ်။

"အဓိပ္ပာယ်မရှိဘူးလေ" သူက တစ်ခုခု တွေးမိသွားကာ ပိုပြီးတောင် သံသယဖြစ်လာတယ်။

"စီမံထိန်းသိမ်းသူတွေက တစ်ယောက်နဲ့ တစ်ယောက် မတွေ့ဖြစ်ကြဘူး လို့ မပြောခဲ့ဘူးလား၊ ရှန်းရင်က တစ်ယောက်ဟုတ်မဟုတ် မပြောနဲ့ဦး၊ အစ်မကြီးနဲ့မီလဲ့ကျတော့ရော"

"ငါ မော်နီတာ ဖြစ်မလာခင် သူ့ကိုတွေ့ခဲ့တာ"

"ဒါဆို ရှန်းရင်..."

"တိတိကျကျပြောရရင် မီလဲ့က ရင်လေးဟာ မော်နီတာဖြစ်လာဖို့ ပြင်ဆင်နေတာလို့ ထင်ခဲ့တယ်"

သူမအသံက ချက်ချင်း ပိုအေးစက်လာတယ်။ "ရင်လေးရဲ့ခွန်အားက တခြားစီမံထိန်းသိမ်းသူတွေနဲ့ ထူးခြားတယ်၊ မီလဲ့က မဟာတာအိုအဖွဲ့ အစည်းနဲ့ ပြဿနာကို သိသွားချိန် သူမလည်း မော်နီတာဖြစ်လာနိုင်ခြေရှိ တယ်လို့ တွေးခဲ့တယ်ထင်တာပဲ၊ အဲဒါကြောင့် အရည်အချင်းစစ်စာမေးပွဲကို ဖြတ်သန်းစေဖို့ ဟင်းလင်းပြင်မြေထဲဝင်အောင် လှည့်စားခဲ့တာ၊ အောင်မြင် သူတွေပဲ တကယ့်မော်နီတာတွေ ဖြစ်လာတာကိုး၊ အဲတုန်းက... ငါ့လိုမျိုး ပေ့ါ"

သုံးယောက်သား မှင်တက်နေတယ်။ ရှန်းရင်တောင် ငေးငိုင်နေပြီး သူမ ကိုစိုက်ကြည့်လာရင်း တစ်ခုခုကို ပြန်စဉ်းစားနေသလို အသီးကိုကိုက်ဝါး နေတာတောင် ရပ်သွားလေရဲ့။

"ဒါဆို အရည်အချင်းစစ်စာမေးပွဲက ဘာများလဲ"

စားဖိုမှူးက မေးခွန်းထုတ်လာသူ။

"ဒါက လူတစ်ယောက်ချင်းစီမှာ ကွဲပြားတယ်" ခွက်ကိုကိုင်ထားတဲ့ရှန်း ကျင်းလက်က တင်းကြပ်သွားကာ သူမမျက်လုံးတွေက မှိန်ကျသွားပြီးမှ စကားဆက်ပြောတယ်။ "မော်နီတာတိုင်းရဲ့ စမ်းသပ်မှုက ကွဲပြားတယ်၊ ဒါပေမဲ့ အစတည်းက စီမံထိန်းသိမ်းသူဆိုရင်တောင် အောင်မြင်ဖို့က အတော်ခဲယဉ်းတာ၊ ငါ့တုန်းက စမ်းသပ်မှုကလည်း ဟင်းလင်းပြင်မြေမှာပဲ၊ ငါ ပျောက်ဆုံးသွားတဲ့အရာကို ရှာတွေ့ပြီး ပြန်လာချိန် သေမင်းတံခါးဝ တောင် ရောက်နေခဲ့ပြီ၊ မီလဲ့ဆိုတဲ့ကောင်က နင့်စမ်းသပ်မှုလည်း အဲမှာရှိ လောက်တယ် တွေးပြီး နင့်ကိုအဲနေရာခေါ်သွားတာဖြစ်နိုင်တယ်"

ကူယွဲ့နဲ့ယိချင်း အကြည့်ဖလှယ်မိလိုက်ကြတယ်။ ဟင်းလင်းပြင်မြေက အမှန်ပဲ အင်မတန် စနစ်မကျ ရှုပ်ထွေးနေတာ။ ဒါပေမဲ့ ဒါက တစ်ခုခုကို ရှာဖို့အတွက်ပဲဆို ရှန်းကျင်းခွန်အားနဲ့ သေမင်းတံခါး၀ ရောက်ခဲ့တယ်ဆိုတာ မဖြစ်နိုင်ဘူးလေ။

"ဘာကိုများ ရှာနေခဲ့တာလဲ" သူက အလိုလိုမေးမိသွားတယ်။

ရှန်းကျင်းက မော့ကြည့်ကာ ပြန်ဖြေဖို့လုပ်တုန်း ဘေးက ရှန်းရင်က အရင်ဖြေလေတယ်။ "ငါပဲ"

ဟမ်။

နှစ်ယောက်သား အံ့သြတုန်လှုပ်သွားပေမဲ့ ရှန်းရင်က ဆက်ပြောတယ်။ "သူရှာနေခဲ့တာက ငါ"

တိတိကျကျပြောရရင် သူမ အသိစိတ်ကို နှိုးတာပေါ့။ သူမက အဲတော့ နိုးလာပြီး အဲမျက်နှာပြင်မှာ မွေးဖွားခဲ့တာပဲ။ "မကြီး... ငါက နင့်စမ်းသပ်မှုလား"

ရှန်းကျင်းက သူမကို အံ့သြမှုတချို့နဲ့ကြည့်တယ်။

"အဲဒါတွေအားလုံးက နင် မမွေးခင်ဖြစ်ခဲ့တာ၊ ဘယ်လိုသိတာလဲ"

"ခန့်မှန်းကြည့်တာလေ"

"နောက်ဆုံးတော့ နင့်ကိုယ်နင် ၀န်ထုပ်၀န်ပိုးဆိုတဲ့ အသိစိတ်လေးတချို့တော့ ရှိပြီပဲ" ရှန်းကျင်းက သူမကို တစ်ချက်ကြည့်ကာ ဆက်ပြောတယ်။ "အစက ငါတို့မျက်နှာပြင်က မကြာခဏ တခြားမျက်နှာပြင်တွေရဲ့ တိုက်ခိုက်မှုကိုခံရတယ်၊ ငါ မော်နီတာဖြစ်လာရတဲ့ အကြောင်းရင်းတွေထဲက တစ်စိတ်တစ်ပိုင်းပေါ့၊ အစကတော့ သာမန်ကျူးကျော်သူတွေ၊ နောက်ကျ ကျူးကျော်တဲ့ စီမံထိန်းသိမ်းသူတွေလည်း ပေါ်လာတယ်၊ ပြီး

တော့ မီလဲ့လည်း ဒါကြောင့် ပေါ်လာခဲ့တာပဲ"

"သူက ကျူးကျော်မှုကို ကူညီဖြေရှင်းပေးခဲ့တာလား"

"ဟင့်အင်း" ရှန်းကျင်းမျက်နှာက ပျက်သွားတယ်။ သူမက -ျိုးကို စားမိသလိုမျိုး အံကြိတ်ပြောတော့တယ်။ "သူက ကျူးကျော်သူတွေပါ သယ်လာတာ"

ရှန်းရင် ။ ။ "..."

ကူယွဲ့ ။ ။ "..."

ယိချင်း ။ ။ "..."

ဘာတုန်းဟ။ မော်နီတာတွေက ငြိမ်းချမ်းရေးထိန်းသိမ်းသူတွေဆိုတာ ဘာဖြစ်ကုန်တာတုံး။ မီလဲ့က ဒုက္ခအိုးလား။

***